## အရေးကြီးသော အချက်အလက်များ

- ✔ ကလေးထိန်းဌာနတွင် အမည်စာရင်းသွင်းရန်အတွက် အချိန်နှင့်တပြေးညီဖြစ်သော ACIR ကာကွယ်ဆေးထိုးနှံခြင်း မှတ်တမ်း သို့မဟုတ် ကာကွယ်ဆေးထိုးနှံခြင်း မှတ်တမ်း ပုံစံ (နောက်ကျနေသော နေ့ရက်များအတွက် ပြန်၍မီနိုင်အောင် ကာကွယ်ဆေးထိုးသည့် အစီအစဉ်အရ ထိုးနေသည့်ကလေးများအတွက်) တို့ လိုအပ်ပါသည်။
- ✔ ဆရာဝန်တစ်ဦးထံမှ ကလေး၏ ကျန်းမာရေး အခြေအနေကြောင့် ကာကွယ်ဆေးထိုးရန် မသင့်တော်ကြောင်း မက္လီကဲ ထောက်ခံစာပုံစံ သို့မဟုတ် မိဘများက ကလေးသည် ကာကွယ်ဆေးထိုးရန် မသင့်လျော်ဟု ခံယူကြောင်း ဖေါ်ပြသည့် ပုံစံတို့သည်လည်း ဆီလျော်သည်ဟုယူဆသဖြင့် တင်ပြနိုင်ပါသည်။
- ✔ ကာကွယ်ဆေးများသည် အချိန်မီထိုးပါက အထိရောက်ဆုံးဖြစ်ပါသည်။
- ✔ ကာကွယ်ဆေးထိုးရန် အချိန်ဆိုင်းနေခြင်းသည် ကလေးအတွက် ရောဂါကူးစက်ပြီး အပြင်းအထန် ဖျားနာသည့် အန္တရာယ် ရှိစေပါသည်။
- ✔ နှာရည်ယိုကျနေသောကလေး သို့မဟုတ် အနည်းငယ် အအေးမိခြင်းကဲ့သို့ သာမန် နာမကျန်းဖြစ်သော ကလေးများကို ဘေးအန္တရာယ်ကင်းစွာ ကာကွယ်ဆေး ထိုးနိုင်ပါသည်။
- ✔ လူမှုအဖွဲ့အစည်းအတွင်း လူများစွာ ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်ဆေးမထိုးသောသူများကိုပါ အကာအကွယ် ပေးသည့်အပြင် ကာကွယ်ဆေးဖြင့် တားဆီးနိုင်သော ပြင်းထန်သောရောဂါများကိုပါ ထိန်းသိမ်းကာကွယ်ရန် အထောက်အကူ ပြုပါသည်။
- ✔ ကလေးတစ်ယောက်စီအတွက် ကြိုတင်သတိပေးချက်များအပါအဝင် ကာကွယ်ဆေးထိုးသည့် အစီအစဉ်ကို မိမိစိတ်တိုင်းကျပုံစံဖြင့် ပြုလုပ်ရန် တယ်လီဖုန်းဖြင့် အသုံးပြုနိုင်သည့် အခမဲ့ *Save the Date to Vaccinate* app ကို ဖွင့်ကူးပါ။ **app ကို ဖွင့်ကူးရန်အတွက် Save the Date to Vaccinate ဝက်ဘ်ဆိုက်** (www.immunisation.health.nsw.gov.au) **သို့ဝင်ပြီး iTunes (iPhone အတွက်) သို့မဟုတ် Google Play (Android အတွက်) ၏ အချိတ်အဆက်များကို ဆက်၍လိုက်ပါ။**

## ပိုမို သိကောင်းစရာများ

**ACIR ဝက်ဘ်ဆိုက်**

www.humanservices.gov.au/customer/services/medicare/australian-childhood-immunisation-register

**နယူးဆောက်ဝေးပြည်နယ် ကျန်းမာရေးဌာန ဝက်ဘ်ဆိုက်**

www.health.nsw.gov.au/immunisation

**နယူးဆောက်ဝေးပြည်နယ် ကျန်းမာရေးဌာန**
**'Save the Date to Vaccinate'**
**လှုပ်ရှားမှု၏ ဝက်ဘ်ဆိုက် –**

www.immunisation.health.nsw.gov.au

**Australian Government**
**Department of Health & Ageing**
**Immunise Australia Program**

www.immunise.health.gov.au






SHPN (HP) 130310
November 2013 © NSW Ministry of Health.

# ကလေးထိန်းဌာန စတင်အပ်ခြင်းနှင့် ကာကွယ်ဆေး ထိုးခြင်း

## မိဘများအတွက် သိကောင်းစရာ အချက်အလက်များ

NSW GOVERNMENT | Health

Burmese

## ကလေးထိန်း စောင့်ရှောက်မှုမတိုင်မီ ကြိုတင်ကာကွယ်ခြင်း

ကလေးများ ကလေးထိန်းစောင့်ရှောက်မှု မတိုင်မီ အကာအကွယ်ပေးနိုင်ရန်အတွက် ကာကွယ်ဆေးများကို ပြည့်ပြည့်စုံစုံ ထိုးပေးထားရန် အရေးကြီးပါသည်။ ကာကွယ်ဆေးထိုးမှု နောက်ကျခြင်းသည် ကလေးများအတွက် ပြင်းထန်ဆိုးရွားသော ရောဂါများ ကူးစက်ခံရနိုင်သည့် အန္တရာယ်ရှိစေပါသည်။

## ကလေးထိန်းစောင့်ရှောက်မှု အမည်စာရင်းသွင်းခြင်းနှင့် တရားဥပဒေအရ လိုအပ်ချက်များ

၂၀၁၀ ခုနှစ် နယူးဆောက်ဝေးပြည်နယ် အများပြည်သူ ကျန်းမာရေးဆိုင်ရာ အက်ဥပဒေအရ မိဘများသည် ကလေးဖြစ်သူ (အချိန်နှင့်တပြေးညီ ကာကွယ်ဆေး ထိုးပြီးကြောင်း ပြသသည့်) ဩစတြေးလျားနိုင်ငံ ကလေးများ ကာကွယ်ဆေးထိုးခြင်း မှတ်ပုံတင်ဌာန (Australian Childhood Immunisation Register) (ACIR) ထံမှ ကာကွယ်ဆေးထိုးခြင်းမှတ်တမ်း (Immunisation History Statement) သို့မဟုတ် (ကလေးသည် နောက်ကျနေသော နေ့ရက်များအတွက် ပြန်၍မီနိုင်အောင် ကာကွယ်ဆေးထိုးသည့် အစီအစဉ်အရ ထိုးနေကြောင်း ပြသသည့်) (Immunisation History Form IMMU13) ပုံစံ သို့မဟုတ် ကာကွယ်ဆေးထိုးခြင်း ကင်းလွတ်ခွင့်ပုံစံ (Immunisation Exemption Form) ကို ပြသနိုင်ရမည်ဖြစ်ပါသည်။ အကယ်၍ ကာကွယ်ဆေးဖြင့် တားဆီးနိုင်သည့် ရောဂါပျံ့နှံ့မှုများ ဖြစ်ပွားသည့်အခါတွင် မည်သည့်ကလေးကို ကလေးထိန်းဌာနသို့ မလာရောက်စေရန် ဖယ်ထားရမည်ကို သတ်မှတ်နိုင်ရန်အတွက် ဤအချက်အလက်များကို အသုံးပြုပါသည်။

**လိုအပ်သော စာရွက်စာတမ်းများမပြနိုင်သော မိဘများအနေနှင့် မိမိတို့၏ကလေးများကို ကလေးထိန်းဌာနတွင် အမည်စာရင်းသွင်းနိုင်မည် မဟုတ်ပါ။**

## ကာကွယ်ဆေးထိုးခြင်း ကင်းလွတ်ခွင့် ပုံစံများ

ကျန်းမာရေး အကြောင်းပြချက်များဖြင့် ကာကွယ်ဆေး မထိုးရသေးသောကလေးများ သို့မဟုတ် ကာကွယ်ဆေးထိုးခြင်းအား မသင့်လျော်ဟုခံယူသော မိဘများသည် ဆရာဝန် သို့မဟုတ် သူနာပြု လက်မှတ်ထိုးထားသော အောက်ဖော်ပြပါ ပုံစံတစ်ခုခုကို ကျောင်းအပ်သည့်အချိန်တွင် တင်ပြပါက မိမိတို့၏ကလေးကို ကလေးထိန်းဌာနတွင် ကျောင်းအပ်နိုင်ပါသည်။

- ကာကွယ်ဆေးထိုးခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း **ကလေး၏ ကျန်းမာရေး အခြေအနေကြောင့် ကာကွယ်ဆေးထိုးရန် မသင့်တော်ကြောင်း ထောက်ခံစာ ပုံစံ (Medical Contraindication Form)** (IMMU11), သို့မဟုတ်
- ကာကွယ်ဆေးထိုးခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း **မိဘများက ကလေးသည် ကာကွယ်ဆေးထိုးရန် မသင့်လျော်ဟု ခံယူကြောင်း ဖော်ပြသည့် ပုံစံ (Conscientious Objection Form)** (IMMU12).

## ACIR ကာကွယ်ဆေးထိုးခြင်း မှတ်တမ်း

မိဘများအနေနှင့် မိမိတို့၏ကလေး ဆယ့်ရှစ်လပြည့်ချိန်နှင့် ၃နှစ်ခွဲမှ လေးနှစ်အရွယ် ကာကွယ်ဆေးများကို ပြည့်ပြည့်စုံစုံ ထိုးပြီးသည့်အခါ ကာကွယ်ဆေးထိုးခြင်းမှတ်တမ်းကို စာတိုက်မှတစ်ဆင့် ရရှိမည်ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးခြင်း မှတ်တမ်းကို မိဘများသည် မည်သည့်အချိန်တွင်မဆို အောက်ဖော်ပြပါ နည်းလမ်းများဖြင့် တောင်းယူ ရရှိနိုင်ပါသည်။

- ဩစတြေးလျားနိုင်ငံ ကလေးများ ကာကွယ်ဆေးထိုးခြင်း မှတ်ပုံတင်ဌာနကို **1800 653 809** တွင် ဆက်သွယ်ခြင်း
- www.medicareaustralia.gov.au/online တွင် မက်ဒီကဲ အွန်လိုင်း ဝန်ဆောင်မှုများမှတဆင့်
- acir@medicareaustralia.gov.au သို့ အီးမေးလ်ပို့ပြီး ကာကွယ်ဆေးထိုးခြင်း မှတ်တမ်းကို တောင်းယူခြင်း
- သင့် မြို့နယ်အတွင်းရှိ လူအများ ဝန်ဆောင်မှုများဆိုင်ရာဌာန၏ ဝန်ဆောင်မှုရုံး (Department of Human Services Service Centre), မက်ဒီကဲရုံး သို့မဟုတ် စင်တာလင့်ရုံးသို့ သွား၍တောင်းယူခြင်း

## 'အချိန်နှင့်တပြေးညီ ကာကွယ်ဆေးထိုးပြီးသော ကလေးများ'

ကလေးထိန်းဌာနတွင် စ၍အပ်သောကလေးများသည် သူတို့၏ ကလေးသူငယ် ကာကွယ်ဆေးအားလုံး ထိုးပြီးဖြစ်ရန် အသက်အရွယ် ငယ်လွန်းဖွယ်ရှိနိုင်ပါသည်။ အချိန်နှင့်တပြေးညီ ကာကွယ်ဆေးထိုးထားသော ကလေးများအနေနှင့် ကာကွယ်ဆေးထိုးခြင်းမှတ်တမ်း၏ အပေါ်ပိုင်း လက်ဝဲဘက်ပေါ်တွင် အချိန်နှင့်တပြေးညီ ကာကွယ်ဆေးထိုးထားကြောင်း "up to date" ဟူသောစကားလုံးများ ရေးမှတ်ဖော်ပြထားမည်ဖြစ်သည်။ ဆက်လက်ထိုးနှံရမည့် ကာကွယ်ဆေးများနှင့် ထိုးရမည့်နေ့ရက်ကို မှတ်တမ်း၏အောက်ခြေတွင် ဖော်ပြ ပါရှိမည်။

ကာကွယ်ဆေးအားလုံး ပြည့်စုံစွာထိုးပြီးသော အသက်ပိုကြီးသည့်ကလေးများသည် သူတို့၏ ကာကွယ်ဆေးထိုးခြင်း မှတ်တမ်း၏ အောက်ခြေရှိ ခရမ်းရောင်အပိုင်းတွင် "ဤကလေးသည် ၅နှစ်အရွယ်အတွင်း ထိုးနှံရမည့်ကာကွယ်ဆေးအားလုံး ထိုးပြီးဖြစ်သည်" "This child has received all vaccines required by 5 years of age" ဟူသော စာလုံးများ ရေးသားဖော်ပြထားမည်ဖြစ်ပါသည်။

## နိုင်ငံရပ်ခြားတွင် ကာကွယ်ဆေးထိုးခဲ့သော ကလေးများ

နိုင်ငံရပ်ခြားမှ ကာကွယ်ဆေးထိုးသောအစီအစဉ်များသည် ဩစတြေးလျားနိုင်ငံမှအစီအစဉ်နှင့် ကွာခြားနိုင်သဖြင့် ဆရာဝန်/သူနာပြုတို့က စိစစ်ရန်လိုအပ်ကာ သူတို့က စိစစ်ရရှိသောအချက်အလက်များကို ACIR ထံပို့ပေးပါလိမ့်မည်။ ထိုအခါ ACIR ကာကွယ်ဆေးထိုးခြင်းမှတ်တမ်းကို မိဘများထံသို့ ACIR က ပို့ပေးပါမည်။

## မတိကျသော ကာကွယ်ဆေးထိုးခြင်း မှတ်တမ်း

အကယ်၍မှတ်တမ်းတွင် ကာကွယ်ဆေးအမည်များ ဖော်ပြမထားဘဲ ကျန်နေပါက မိဘများသည် ကာကွယ်ဆေးထိုးပေးသော ဆရာဝန်/သူနာပြုတို့ကို ဆက်သွယ်ပြီး ထိုမှတ်တမ်းသည် ACIR သို့ ပို့ထား၊မထား စစ်ဆေးပေးရန် ပြောဖို့လိုအပ်ပါသည်။ ထိုဆရာဝန်/သူနာပြုတို့ထံမှ ပြင်ဆင်ဖြည့်စွက်ပြီးသော အချက်အလက်များရရှိသည်နှင့် ACIR က ကာကွယ်ဆေးထိုးခြင်း မှတ်တမ်းကို မိဘများထံသို့ ထပ်မံထုတ်ပေးနိုင်ပါမည်။

## ကာကွယ်ဆေးထိုးခြင်း မှတ်တမ်း – ကလေးသည် အချိန်နှင့်တပြေးညီ လိုအပ်သော ကာကွယ်ဆေးမထိုးရသေးကြောင်း ဖော်ပြလျှင်

ကာကွယ်ရေးဆေးထိုးမှုအစီအစဉ်ထက် ဆေးထိုးရန်နောက်ကျနေသော ကလေးများသည် အချိန်မီ ပြန်၍မီနိုင်အောင် ဆေးထိုးသည့် အစီအစဉ်ကို စတင်သည်နှင့်တစ်ပြိုင်နက် ကလေးထိန်းဌာနတွင် ကျောင်းအပ်နိုင်ပါသည်။ ဆရာဝန်/ သူနာပြုတို့က ကာကွယ်ဆေးထိုးခြင်းမှတ်တမ်းကို ဖြည့်စွက်ရန်လိုအပ်ကာ ACIR သို့ပို့ပြီး မိဘများထံသို့ မိတ္တူကို ပို့ပေးရပါမည်။

## ကာကွယ်ဆေးဖြင့်တားဆီးနိုင်သော ရောဂါကူးစက်ပျံ့ပွားမှု

ရောဂါကူးစက်ပျံ့ပွားမှုတစ်ခုခု ဖြစ်ပွားသည့်အခါ ကာကွယ်ဆေး မထိုးရသေးသောကလေးများသည် မိမိတို့၏အိမ်များတွင် နေနေရန် လိုအပ်ပါလိမ့်မည်။ ဤကဲ့သို့ပြုလုပ်ရခြင်းမှာ ကလေးကို ကာကွယ်ရန်နှင့် လူမှုအဖွဲ့အစည်းအတွင်း ရောဂါကူးစက်ပျံ့ပွားမှုကို တားဆီးရန်အတွက် ဖြစ်ပါသည်။

## အချိန်နှင့်တပြေးညီ ဆေးထိုးပြီးကြောင်းဖော်ပြသည့် ကာကွယ်ဆေးထိုးခြင်း မှတ်တမ်း

ကာကွယ်ဆေးတစ်ခါထိုးပြီးတိုင်း မိဘများသည် မိမိတို့ကလေး၏ အချိန်နှင့်တပြေးညီ ဆေးထိုးပြီးကြောင်းမှတ်တမ်းကို ကလေးထိန်းဌာန တာဝန်ခံထံ ကျောင်း၏ ကာကွယ်ဆေးထိုးနှံခြင်း မှတ်တမ်းတွင် ထည့်သွင်းဖြည့်စွက်ရန် ပေးအပ်ဖို့ လိုအပ်ပါသည်။ မိဘများအနေနှင့် မက်ဒီကဲ အွန်လိုင်းဝန်ဆောင်မှုများ ဝက်ဘ်ဆိုက်မှတဆင့် ကာကွယ်ဆေးထိုးနှံခြင်း မှတ်တမ်းကို တိုက်ရိုက်ကူးယူ ပုံနှိပ်နိုင်ပါသည်။

## မိသားစု အခွန်သက်သာစေသည့် အစီအစဉ် အပိုင်း A

မိသားစု အခွန်သက်သာစေသည့် အစီအစဉ် အပိုင်း A (Family Tax Benefit Part A) ကို ရရှိရန်အတွက် ကလေးသည် 1 နှစ်၊ 2 နှစ်နှင့် 5 နှစ်ပြည့်သည့်နှစ်များတွင် ကာကွယ်ဆေး အပြည့်အစုံ ထိုးပြီးကြောင်း ACIR က မှတ်တမ်းတင်ထားခြင်း ဖြစ်ရပါမည်။ အကယ်၍ မိဘများအနေနှင့် ကာကွယ်ဆေးထိုးခြင်း ကင်းလွတ်ခွင့်ပုံစံ တင်ပြလျှင်လည်း ဤထောက်ပံ့ငွေကို ရနိုင်သည့် အခွင့်အရေးရှိပါသည်။

